Message Five

# ခရစ်တော်၏ဆင်းရဲဒုက္ခခံခြင်းကို မိတ်သဟာယဖွဲ့ခြင်းအား သိကျွမ်းခြင်းနှင့် ကိုယ်တော်၏အသေခံတော်မူခြင်းသို့ သဏ္ဍာန်တူခြင်း

ဖတ်ရန်ကျမ်း။ ။ ဖိ၃း၇-၁၀။ ယော၁၁း၂၅။ ဧ၁း၁၉-၂၀။ ကော၁း၂၄

## I. ပေါလုသည် ခရစ်တော်၏ဆင်းရဲဒုက္ခခံခြင်းကို မိတ်သဟာယဖွဲ့ခြင်းအား သိကျွမ်းရန် ဆန္ဒပြင်းပြခဲ့သည် - ဖိ၃း၁၀။

A. ခရစ်တော်အဖို့ ဆင်းရဲဒုက္ခခံခြင်းများနှင့် အသေခံခြင်းတို့သည် ဦးစွာလာပြီးမှ ရှင်ပြန်ထမြောက်ခြင်း လိုက်လာသည်။ ကျွန်ုပ်တို့အဖို့ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးသည် ဦးစွာရောက်ရှိလာပြီး ကိုယ်တော်၏ ဆင်းရဲဒုက္ခခံခြင်းများတွင် ပါဝင်ခြင်းနှင့် ကိုယ်တော်၏ အသေခံခြင်းသို့ သဏ္ဍာန်တူခြင်း လိုက်လာသည် - အငယ်၁၀။

B. ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို ဦးစွာ ရရှိသည်၊ ထို့နောက် ဤတန်ခိုးတော်ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ဆင်းရဲဒုက္ခခံခြင်းများတွင် ပါဝင်နိုင်ပြီး၊ ကိုယ်တော်၏အသေခံခြင်းသို့ သဏ္ဍာန်တူခြင်း၌ အသေခံခြင်းအသက်တာကို အသက်ရှင်နိုင်ကြသည်။

C. ခရစ်တော်၏ဆင်းရဲဒုက္ခခံခြင်းတွင် အမျိုးအစားနှစ်မျိုးရှိပါသည်၊ ခရစ်တော်ကိုယ်တိုင်အားဖြင့် ပြီးမြောက်ပြည့်စုံစေခဲ့သော ရွေးနုတ်ခြင်းအတွက်နှင့် တမန်တော်များနှင့် ယုံကြည်သူများအားဖြင့် ဖြည့်ဆည်းရန်လိုအပ်သော အသင်းတော်ထွက်ပေါ်လာခြင်းနှင့် တည်ဆောက်ခြင်းအတွက် ဖြစ်သည် - ကော၁း၂၄။

1. ကျွန်ုပ်တို့သည် ရွေးနုတ်ခြင်းအတွက် ခရစ်တော်၏ဆင်းရဲဒုက္ခများ၌ မပါဝင်နိုင်ပါ၊ သို့သော် ကျွန်ုပ်တို့သည် အသင်းတော်ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက် ခရစ်တော်၏ဆင်းရဲဒုက္ခများ၌ ပါဝင်ရမည်ဖြစ်သည် - ဿွန်း၊ ဗျာ၁း၉။ ၂တိ၂း၁၀။ ၂ကော၁း၅-၆။ ၄း၁၂။ ၆း၈-၁၁။

2. ဘုရားသခင်၏သိုးသူငယ်အဖြစ် ခရစ်တော်သည် ရွေးနုတ်ခြင်းအတွက် ဆင်းရဲဒုက္ခကို ခံခဲ့သည် (ယော၁း၂၉)။ ဂျုံစပါးမျိုးစေ့အဖြစ် ခရစ်တော်သည် ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက် ဆင်းရဲဒုက္ခခံခဲ့သည် (၁၂း၂၄)။

   a. ဂျုံစပါးမျိုးစေ့တည်းဟူသော သခင်ဘုရားသည် မြေ၌ ကျ၍၊ သေခြင်းအားဖြင့် ကိုယ်တော်၏ စိတ်-အသက်ကို ဆုံးရှုံးခံခြင်းဖြင့်၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ သူ၏ ထာဝရအသက်ကို များစွာသော ဂျုံစပါးမျိုးစေ့များ အထဲသို့ လွှတ်ပေးနိုင်ခဲ့သည် - ၁၀း၁၁၊ ၁၅၊ ၁၇-၁၈။

   b. ဂျုံစပါးစေ့တစ်စေ့တည်းသည် ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် လိုအပ်သော ဆင်းရဲဒုက္ခများအားလုံးကို မပြည့်စုံစေနိုင်ပါ။ များစွာသော ဂျုံစပါးစေ့များအနေဖြင့် ကျွန်ုပ်တို့သည် ထိုဂျုံစပါးစေ့တစ်စေ့ခံခဲ့ရသောနည်းအတိုင်း ဆင်းရဲဒုက္ခခံရမည်ဖြစ်သည် - ၁၂း၂၄-၂၆။

      (1) များစွာသော ဂျုံစပါးစေ့များအနေနှင့် ကျွန်ုပ်တို့သည်လည်း သေခြင်းအားဖြင့် ကျွန်ုပ်တို့၏စိတ်အသက်ကို ဆုံးရှုံးခံရမည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ထာဝရအသက်ကို မွေ့လျော်ဝမ်းမြောက်နိုင်မည် ဖြစ်သည် - အငယ်၂၅။

      (2) ဤသည်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အစေခံခြင်းနှင့် ဤလမ်းပေါ်မှာ ကိုယ်တော်နှင့်အတူ လျှောက်လှမ်းခြင်းဖြင့် ကိုယ်တော်နောက်သို့ လိုက်ခြင်းဖြစ်သည်၊ ဤနည်းလမ်းမှာ ကျွန်ုပ်တို့၏ စိတ်အသက်ကို ဆုံးရှုံးခြင်းနှင့် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ခြင်းနည်းလမ်း ဖြစ်သည် - ၂၆။

      (3) အသင်းတော် တည်ရှိလာရန်နှင့် တိုးပွားလာရန် နည်းလမ်မှာ လူသားဘုန်းအားဖြင့် မဟုတ်ဘဲ၊ ကားတိုင်း၏ အသေခံခြင်းအားဖြင့် ဖြစ်သည် - အငယ်၂၂-၂၄။

D. ကျွန်ုပ်တို့၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းအတွက် ခံရသော ဆင်းရဲဒုက္ခများနှင့် ကိုယ်ခန္ဓာတော်အတွက် ခံရသော ဆင်းရဲဒုက္ခများ အကြားတွင် ကွဲပြားမှုရှိသည် - ၂ကော၃း၁၈။ ဖိ၃း၁၀။ ကော၁း၂၄။

1. ဖိလိပ္ပိ ၃း၁၀ ရှိ ပေါလု၏စကားသည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းအတွက် ခံရသော ဆင်းရဲဒုက္ခများကို ရည်ညွှန်းခြင်း မဟုတ်ပါ။
2. ၃း၁၀ ကို ကောလောသဲ ၁း၂၄ နှင့် နှိုင်းယှဉ်ပါက ဖိလိပ္ပိ ၃း၁၀ ၌ ပေါလုပြောဆိုခဲ့သော ဆင်းရဲဒုက္ခများသည် ကိုယ်ခန္ဓာတော်အတွက် ခရစ်တော်၏ဆင်းရဲဒုက္ခများ အကြွင်းအကျန်ကို ဆက်လက်ခံစားခြင်း ဖြစ်သည်။
3. ကောလောသဲ ၁း၂၄ ၌ ပေါလုသည် မိမိ၏ဆင်းရဲဒုက္ခများကို ကိုယ်တော်၏ ကိုယ်ခန္ဓာတော်အတွက် ခရစ်တော်၏ဒုက္ခဆင်းရဲများကို ဖြည့်ဆည်းပေးခြင်းအဖြစ် မှတ်ယူခဲ့သည်။
4. ကိုယ်တော်၏ကိုယ်ခန္ဓာတော်အတွက် ခရစ်တော်၏ ဆင်းရဲဒုက္ခများသည် ဆက်လက်သွားနေပြီး၊ ကျွန်ုပ်တို့သည် ၎င်းတို့၌ မျှဝေရန် လိုအပ်ပါသည် - ဖိ၊၁း၂၄။ အညွှန်း၊ တ၊၉း၄-၅။
5. ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်အတွက် ဆင်းရဲဒုက္ခခံရသောအခါ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးကို တွေ့ကြုံခံစားရသည် - ကော၊၁း၂၄။ ဖိ၊၃း၁၀။

**II. ဖိလိပ္ပိ ၂း၁၀ ၌ ပေါလုသည် "ကိုယ်တော်၏ အသေခံတော်မူခြင်းသို့ သဏ္ဍာန်တူခြင်း"ကို ပြောဆိုထားသည်။ ဤသည်မှာ ပေါလုသည် သူ၏အသက်တာတွင် ခရစ်တော်၏ အသေခံခြင်းကို ပုံစံခွက်အဖြစ် ယူဆောင်လိုကြောင်း ညွှန်ပြသည်။**

A. ခရစ်တော်ကို သိသောပညာ၏ကောင်းမြတ်ခြင်း၊ ခပ်သိမ်းသောအရာတို့ကို ရှုံးစေသောအရာကဲ့သို့ ထင်မှတ်ခြင်း၊ ခရစ်တော်ကို အမြတ်ရခြင်း၊ ကိုယ်တော်၌ မြင်ခြင်း၊ ကိုယ်တော်ကို သိကျွမ်းခြင်း၊ ကိုယ်တော်၏ ထမြောက်ခြင်းတန်ခိုးကို သိကျွမ်းခြင်းနှင့် ကိုယ်တော်၏ဆင်းရဲဒုက္ခခံခြင်း၏ မိတ်သဟာဖွဲ့ခြင်းကို သိကျွမ်းခြင်းစသည့်အားလုံးတို့သည် တစ်ခုတည်းသောအရာ ထွက်ပေါ်စေသည် - ယင်းမှာ ခရစ်တော်၏ အသေခံတော်မူခြင်းသို့ သဏ္ဍာန်တူခြင်း ဖြစ်သည် - အငယ်၊၇-၁၀။

B. ခရစ်တော်၏အသေခံတော်မူခြင်းသို့ သဏ္ဍာန်တူခြင်းမှာ ကိုယ်တော်၏အသေခံတော်မူခြင်းသည် ပုံစံခွက်ဖြစ်ကြောင်း ညွှန်ပြသည် - အငယ်၊၁၀။
   1. ဖိလိပ္ပိ ၃ ၏အလယ်ဗဟိုသည် ခရစ်တော်၏ အသေခံတော်မူခြင်း ပုံစံခွက်သို့ သဏ္ဍာန်တူခြင်းအကြောင်းအရာ ဖြစ်သည် - အငယ်၊၇၊ ၉၊ ၁၂-၁၆။
   2. ကျွန်ုပ်တို့သည် ဤအသေခံခြင်း၏ပုံစံခွက်အထဲသို့ ထားရှိခံရပြီးဖြစ်ကာ၊ ယခု ကျွန်ုပ်တို့သည် ဤပုံစံခွက်သို့ သဏ္ဍာန်တူရန် လိုအပ်သည် - ဂလ၊၂း၂၀။ ရော၊၆း၃-၅။
   3. ကျွန်ုပ်တို့၌ရှိသော ခရစ်တော်၏ထမြောက်ခြင်းအသက်၏တန်ခိုးသည် ခရစ်တော် အသေခံတော်မူခြင်း၏ပုံစံခွက်အထဲသို့ ကျွန်ုပ်တို့ကို ဦးဆောင်ပေးသည်၊ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးသည်၊ ကျွန်ုပ်တို့ကို ရောက်ရှိစေသည်၊ ကျွန်ုပ်တို့ကို ထားရှိပေးသည် - ယော၊၁၁း၂၅။ ဧ၊၁း၁၉-၂၀။

C. ခရစ်တော်၏ အသေခံတော်မူခြင်း ပုံစံခွက်မှာ ကိုယ်တော်၏ လူသားအသက်တာကို သေခြင်းတွင် ဆက်လက်ထားရှိသော ခရစ်တော်၏ အတွေ့အကြုံကို ရည်ညွှန်းသည်၊ သို့မှသာ ကိုယ်တော်သည် ဘုရားသခင်၏အသက်အားဖြင့် အသက်ရှင်နိုင်မည် ဖြစ်သည် - ယော၊၆း၅၇ခ။
   1. သခင်ယေရှုသည် မြေကြီးပေါ်တွင်ရှိစဉ်အခါတွင် ကိုယ်တော်သည် အသေခံခြင်းအသက်တာကို အသက်ရှင်ခဲ့သည်၊ အသေခံခြင်းအသက်တာကို အသက်ရှင်ခြင်းအားဖြင့် ကိုယ်တော်သည် ဘုရားသခင်ထံတော်၌ အသက်ရှင်ကာ၊ ကိုယ်တော်ကို အသက်ရှင်ခဲ့သည် - ဂလ၊၂း၂၀။ ၃း၁၊ ၅း၂၄။
   2. ကိုယ်တော်သည် သေခြင်းသို့ သူ၏ လူသားအသက်တာကို အစဉ်အမြဲ ထားရှိခဲ့သည်၊ ထို့ကြောင့် ကိုယ်တော်အထဲရှိ ဘုရားဆိုင်ရာအသက်သည် စီးထွက်နိုင်ခြင်း ဖြစ်သည် - ယော၊၁၀း၁၀ခ-၁၁၊ ၁၇။
   3. ကိုယ်တော်သည် အသက်ရှင်စဉ်တွင် သေလည်း သေခဲ့သည် - ဖန်ဆင်းခြင်းအသစ်၌ အသက်ရှင်ခြင်းငှာ ဖန်ဆင်းခြင်းအဟောင်းကို သေစေခြင်းဖြစ်သည်။ ဤသည်မှာ ဖိလိပ္ပိ ၃း၁၀ ၌ရှိသော "ကိုယ်တော်၏သေခြင်း" ၏ဆိုလိုရင်းအဓိပ္ပါယ် ဖြစ်သည်။

D. ခရစ်တော်၏သေခြင်းသို့ သဏ္ဍာန်တူရန်ဟူသည်မှာ ကျွန်ုပ်တို့ အသက်တာ၏ပုံစံခွက်အဖြစ် ခရစ်တော်၏ အသေခံခြင်းကို ယူဆောင်ရန်ဖြစ်သည် - အငယ်၊၁၀။

1. ခရစ်တော်၏အသေခံခြင်းသည် ကျွန်ုပ်တို့က မုန့်စိမ်းကို ကိတ်မုန့်ပုံစံခွက်ထဲသို့ ထည့်ပြီး ၎င်းနှင့် သဏ္ဍာန်တူစေသည့်နည်းတူ၊ ကျွန်ုပ်တို့ကို သဏ္ဍာန်တူစေသည့် ပုံစံခွက်ဖြစ်သည်။
2. ဘုရားသခင်သည် ခရစ်တော်၏ အသေခံခြင်းပုံစံခွက်ထဲ့သို့ ကျွန်ုပ်တို့ကို ထားရှိပေးကာ၊ တစ်နေ့ပြီးတစ်နေ့ ဘုရားသခင်သည် ဤသေခြင်းထဲသို့ ကျွန်ုပ်တို့ကို သဏ္ဍာန်တူစေရန် ကျွန်ုပ်တို့အား ပုံစံသွင်းပေးနေသည် - ရော၊၆း၃-၄။
3. ကျွန်ုပ်တို့၏အသက်တာသည် ဘုရားဆိုင်ရာအသက်ကို အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့၏လူသားအသက်ကို သေခြင်းပုံစံခွက်ထဲ့သို့ သဏ္ဍာန်တူခြင်း ရှိသင့်ပါသည် - ဂလ၊၂း၂၀။ ၂ကော၊၄း၁၀-၁၁။
4. ကျွန်ုပ်တို့၏ဇာတိအသက်ကို သေခြင်းသို့ ထားရှိမည်ဆိုပါက၊ ကျွန်ုပ်တို့အထဲ၌ အခြားသောအသက်၊ ဘုရားဆိုင်ရာအသက်ရှိကြောင်း ခံစားရသည်။ ဤအသက်သည် လွတ်မြောက်လာကာ၊ ထို့နောက် ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကျွန်ုပ်တို့သည် ခရစ်တော်၏သေခြင်းအထဲသို့ သဏ္ဍာန်တူခြင်း ရှိလာလိမ့်မည်ဖြစ်သည် - ယော၊၁၀း၁၀ခ။ ၁ယော၊၅း၁၁-၁၂။
5. ခရစ်တော်၏သေခြင်း ပုံစံခွက်ထဲ၌ ဇာတိလူသည် အသေသတ်ခြင်းခံရကာ၊ လူဟောင်းသည် အသေခံပြီး၊ အတ္တသည် ပယ်ရှားခြင်းခံရသည် - ၂ကော၊၄း၁၆။ ရော၊၆း၆။ မ၊၁၆း၂၄။
6. အကယ်၍ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင် အခြေအနေများသည် ကျွန်ုပ်တို့အား ဤပုံစံခွက်အထဲသို့ တွန်းပို့ရန် ခွင့်ပြုပါက၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာသည် ခရစ်တော်၏ အသေခံခြင်းပုံစံသို့ ပုံသွင်းခံရလိမ့်မည် ဖြစ်သည် - ရော၊၈း၂၈-၂၉။

E. ဘုရားသခင်ကို ဘုန်းထင်ရှားရန် တစ်ခုတည်းသော နည်းလမ်းမှာ ခရစ်တော်၏အသေခံခြင်းသို့ သဏ္ဍာန်တူခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏သေခြင်းသို့ သဏ္ဍာန်တူခြင်းရှိလေလေ၊ ကျွန်ုပ်တို့သည် ခမည်းတော်ကို ပို၍ဘုန်းထင်ရှားလေလေ ဖြစ်သည် - ယော၊၁၂း၂၈။ ၁၃း၃၁။

© 2023 Living Stream Ministry